JUSTICE FOR MYANMAR

# သတင်းထုတ်ပြန်ချက်

**မေ-၁၆၊ ၂၀၂၂ မြန်မာ**

## စစ်တပ်ဆက်နွယ်ကုမ္ပဏီ ရွှေဗိုလ်ပြည်ဖြူက Telenor Myanmar ကို ထိန်းချုပ်လိုက်ပြီ

### *အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများ ချိုးဖောက်ခြင်းအတွက် M1 Group နှင့် Telenor Group တို့အား စုံစမ်းစစ်ဆေးရမည်*

လက်ဘနွန်နိုင်ငံ၏ M1 Group က Telenor Group ၏ မိုဘိုင်းကွန်ရက်ရောင်းချမှု အပြီးသတ်အပိုင်းအဖြစ် Telenor Myanmar ထိန်းချုပ်ခွင့်ကို မြန်မာစစ်တပ်ဆက်နွယ်ကုမ္ပဏီ ရွှေဗိုလ်ပြည်ဖြူစီးပွားရေးလုပ်ငန်းစုကြီး ထံ မေလ ၁၂ ရက်၊ ကြာသပတေးနေ့တွင် လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

ရောင်းချမှုတွင် တရားဝင်ကြားဖြတ်ဖမ်းယူမှုနည်းပညာ ပါဝင်ခြင်းကြောင့် ယင်းရောင်းချမှုသည် ယူကေ၊ အီးယူ နှင့် နော်ဝေနိုင်ငံတို့၏ ဒဏ်ခတ်ပိတ်ဆို့မှုများကို ချိုးဖောက်ခဲ့သည်။

ကော်ပိုရိတ်မှတ်တမ်းများအရ ရောင်းချမှု၏ နောက်ဆုံးအဆင့်တွင် Cayman Islands ၌ မှတ်ပုံတင်ထားသည့် M1 Infrastructure Ltd က စင်္ကာပူဦးပိုင်ကုမ္ပဏီတစ်ခုဖြစ်သော Investcom Pte Ltd ရှိ ရှယ်ယာ ၃၁၀ ကို ရွှေဗိုလ်ပြည်ဖြူ တယ်လီကွန်းကုမ္ပဏီထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

Investcom Pte Ltd သည် အဓိကအားဖြင့် ငွေသားဖြင့်ပြန်လည်လဲယူနိုင်သည့် ဦးစားပေးအစုရှယ်ယာများမှတဆင့် Telenor Myanmar Limited ၏ ၁၀၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်သည်။

ရွှေဗိုလ်ပြည်ဖြူတယ်လီကွန်း ကုမ္ပဏီလီမိတက်သည် ရွှေဗိုလ်ပြည်ဖြူကုမ္ပဏီလီမိတက်က ပိုင်ဆိုင်ပြီး မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ကုမ္ပဏီတစ်ခုဖြစ်သည်။

ထိုသို့ရှယ်ယာလွှဲပြောင်းမှု၏ အကျိုးဆက်အဖြစ် ရွှေဗိုလ်ပြည်ဖြူသည် Telenor Myanmar တွင် ယခင်က ၄၉ ရာခိုင်နှုန်း ပိုင်ဆိုင်ထားခဲ့ရာမှ ယခုအခါ ၈၀ ရာခိုင်နှုန်းအထိ ပိုင်ဆိုင်မှု မြင့်တက်လာသည်။

M1 Group ကို လက်ရှိလက်ဘနွန်ဝန်ကြီးချုပ်ဖြစ်သူ နာဂျစ်မီကာတီ၏ မိသားစုက ပိုင်ဆိုင်သည်။

**အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများကို ချိုးဖောက်မှုများ**

ရောင်းချမှု၏ အစိတ်အပိုင်းအဖြစ် M1 Group သည် ဂျာမဏီထုတ် Utimaco တရားဝင်ကြားဖြတ်ဖမ်းယူရေး ပင်မဝင်ထွက်ပေါက် (LIG) ကို ရွှေမိုုင်းဖြူထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ ယင်းလွှဲပြောင်းပေးအပ်မှုသည် ဗြိတိန်၏ ပြည်ပအာဏာပိုင်နယ်မြေတစ်ခုဖြစ်သည့် Cayman Islands တွင်လည်း သက်ရောက်မှုရှိသည့် ယူကေနိုင်ငံ၏ မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ ကို ချိုးဖောက် လုပ်ဆောင်ခြင်းဖြစ်သည်။

၂၀၁၈ ခုနှစ်တွင် Utimaco LIG အား မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး Telenor က တပ်ဆင်ခဲ့သည်။ Telenor Group သည် နော်ဝေဒဏ်ခတ်ပိတ်ဆို့မှုများကို ချိုးဖောက်ကာ ၂၀၂၂ ခုနှစ်၊ မတ်လ တွင် LIG အား M1 Group သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ LIG ကို အသုံးပြု၍ အကြမ်းဖက်အဖွဲ့အစည်း ဖြစ်သည့် မြန်မာစစ်ကောင်စီသည် Telenor Myanmar ကွန်ရက်ပေါ်တွင် ပြုလုပ်သည့် ဖုန်းခေါ်ဆိုမှုများနှင့် စာတိုပေးပို့မှုများအား အချိန်နှင့်တပြေးညီ စောင့်ကြည့်နိုင်စွမ်းရှိသွားမည် ဖြစ်သည်။

အီးယူဒဏ်ခတ်ပိတ်ဆို့မှု များကို ချိုးဖောက်ကာ Telenor Group က ဆိုက်ပရပ်နိုင်ငံတွင် မှတ်ပုံတင်ထားသည့် M1 Group ကုမ္ပဏီခွဲ ထံ ရောင်းချမှုပထမအဆင့်နောက်ပိုင်း M1 Group နှင့် ရွှေမိုုင်းဖြူတို့အကြား ယခုနောက်ဆုံး LIG လွှဲပြောင်းပေးအပ်မှု ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

ယင်းရောင်းချမှုက ပြည်သူ ၁၈ သန်းကျော်တို့၏ ဖုန်းခေါ်ဆိုမှုမှတ်တမ်းအချက်အလက်များ အားလုံးကို စစ်ကောင်စီထံ ဖော်ထုတ်ပေးအပ်လိုက်ခြင်းဖြစ်ပြီး စစ်ကောင်စီက မြန်မာပြည်သူများအား မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ပြီး တည်နေရာရှာဖွေရန်၊ ဖမ်းဆီးရန်၊ ညှဉ်းပမ်းနှိပ်စက်ရန်နှင့် သတ်ဖြတ်ရန်အတွက် ၎င်းအချက်အလက်များကို အသုံးချနိုင်မည် ဖြစ်သည်။ ယင်းအချက်ကြောင့် Telenor Group နှင့် နော်ဝေအစိုးရတို့သည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများတွင် ကြံရာပါ ပတ်သက်ကြသူများအဖြစ် သက်ရောက်စေနိုင်သည်။

Telenor Group သည် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန်အခြေခံမူများနှင့် နိုင်ငံစုံစီးပွားရေးလုပ်ငန်းကြီးများအတွက် OECD လမ်းညွှန်ချက်များအရ နောက်ဆုံးဝယ်ယူသူ ရွှေမိုုင်းဖြူအပေါ် လူ့အခွင့်အရေးဆိုင်ရာတင်ကြိုကနဦးစီစစ်မှု လုပ်ဆောင်ရန် တာဝန်များကို ပျက်ကွက်ခဲ့သည်။

**Telenor Myanmar ၏ ပိုင်ရှင်အသစ်များ**

ရွှေမိုုင်းဖြူ ဥက္ကဋ္ဌ သိန်းဝင်းဇော်သည် Telenor Myanmar လိမိတက်ဘုတ်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်ပြီး ၎င်း၏ သားဖြစ်သူ ဝင်းပိုင်ကျော်သည် ဒုတိယစီအီးအိုဖြစ်သည်။ သိန်းဝင်းဇော်၏ ဇနီးဖြစ်သူ တင်လတ်မင်းသည်လည်း ဘုတ်အဖွဲ့တွင်

ပါဝင်သည်။ အခြားသောTelenor Myanmar ဘုတ်အဖွဲ့ဝင်များမှာ M1 Group မှ Hicham Ramadan နှင့် Rana Shatila တို့ ဖြစ်သည်။

Telenor Myanmar၏ စီအီးအိုအသစ်ဖြစ်သူ Muhammad Ziaullah Siddiqui သည် Rana Shatila၊ သိန်းဝင်းဇော်၊ ဝင်းပိုင်ကျော်နှင့် Benjamin Szeto Yu Hwei တို့နှင့်အတူ Investcom Pte Lte ၏ ဘုတ်အဖွဲ့တွင်လည်း ပါဝင်သည်။

Siddiqui သည် ၂၀၀၇ မှ ၂၀၁၀ ခုနှစ်အထိ Afghanistan ဆက်သွယ်ရေးကုမ္ပဏီ MTN Afghanistan ၏ CEO အဖြစ် တာဝန်ယူခဲ့ကြောင်း ၎င်း၏ Linkedin စာမျက်နှာတွင် ဖော်ပြထားပြီး ထိုကာလက တာလီဘန်နှင့် အယ်လ်ကိုင်ဒါတို့အား အကာအကွယ်အဖြစ် ထောက်ပံ့ငွေများပေးခဲ့သည်ဟု ကုမ္ပဏီအား စွပ်စွဲခံ ခဲ့ရသည်။

Siddiqui သည် ၂၀၁၀ မှ ၂၀၁၆ ခုနှစ်အထိ လူမျိုးတုန်းသတ်ဖြတ်မှု ကျူးလွန်သူ အယ်ဘာရှာအစိုးအတွက် အခွန်ဝင်ငွေရင်းမြစ်တစ်ရပ်ဖြစ်သည့် MTN Sudan ၏ စီအီးအိုဖြစ်ခဲ့သူဖြစ်သည်။

MTN သည် ၂၀၀၆ ခုနှစ်တွင် M1 Group ၏ Investcom ကို ရယူခဲ့သည့် တောင်အာဖရိကစတော့စာရင်းဝင်ကုမ္ပဏီ ဖြစ်သည်။ အဆိုပါကုမ္ပဏီလွှဲပြောင်းမှု၏အစိတ်အပိုင်းအဖြစ် မီကာတီမိသားစုက MTN တွင် ပိုင်ဆိုင်မှု ၁၀ ရာခိုင်နှုန်းကို ရရှိခဲ့သည်။

မြန်မာနိုင်ငံအတွက် အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများကို ချိုးဖောက်ခြင်းအတွက် Telenor Group နှင့် M1 Group တို့အား စုံစမ်းစစ်ဆေးမှုများ အမြန်ဆုံး ပြုလုပ်ရန် ယူကေ၊ ဆိုက်ပရပ်နှင့် နော်ဝေအစိုးရတို့အား Justice For Myanmar က တောင်းဆိုပါသည်။

Telenor Myanmar ရောင်းချမှုသည် နော်ဝေနှင့် အီးယူဥပဒေများအရ တရားဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ ကို စုံစမ်းစစ်ဆေးရန် Telenor စာရင်းဝင်ပါရှိသည့် အော်စလိုစတော့အိတ်ချိန်းအား ကျွန်ုပ်တို့ တောင်းဆိုပါသည်။

ယူကေ၊ အီးယူနှင့် နော်ဝေဒဏ်ခတ်ပိတ်ဆို့မှုများကိုချိုးဖောက်လျှက် Telenor Group၊ M1 Group နှင့် ရွှေဗိုလ်ငြိမ်းဖြိုး တို့က စက်ပူပိုင်နက်နယ်မြေအား အသုံးပြုနေမှုကို စုံစမ်းစစ်ဆေးရန်၊ မြန်မာစစ်တပ်၏ နိုင်ငံတကာရာဇဝတ်မှုများ တွင် ကြံရာပါပတ်သက်နေသော စက်ာပူတွင်မှတ်ပုံတင်ထားသည့် စီးပွားရေးလုပ်ငန်းများအပေါ် ခိုင်လုံအားကောင်း သည့် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန် စက်ာပူနိုင်ငံအား ကျွန်ုပ်တို့ တောင်းဆိုပါသည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "Telenor Group နဲ့ နော်ဝေအစိုးရတို့အနေနဲ့ အရေးယူဒဏ်ခတ်ပိတ်ဆို့မှုပြဌာန်းချက်တွေနဲ့ ၎င်းတို့ရဲ့ လူ့အခွင့်အရေးတာဝန်တွေကို သိလျက်နဲ့ တမင်သက်သက် လျစ်လျူရှုပြီး ရွှေဗိုလ်ငြိမ်းဖြိုးကုမ္ပဏီလက်ထဲ Telenor Myanmar ကို အပြီးသတ်ရောင်းချလိုက်တာက ပြစ်တင်ရှုံ့ချစရာ ဖြစ်ပါတယ်။

"အကြမ်းဖက်စစ်ကောင်စီက ဆက်သွယ်ရေးနည်းပညာကို သူတို့ရဲ့ အကြမ်းဖက်စစ်ဆင်ရေးမှာ လက်နက်အဖြစ် အသုံးချနေတာဖြစ်ပြီး ယခုအခါမှာ Telenor Myanmar ကလည်း သူတို့ရဲ့စစ်လက်နက်တွေထဲက လက်နက်တခုဖြစ် သွားပြီ ဖြစ်ပါတယ်။

"Telenor က တရားဝင်ကြားဖြတ်ဖမ်းယူနည်းပညာကို M1 Group လက်ထဲလွှဲပြောင်းတာ၊ M1 Group ကနေ ရွှေဖိုင်းဖြူလက်ထဲ လွှဲပြောင်းတာတွေဟာ အရေးယူဒဏ်ခတ်ပိတ်ဆို့မှုတွေကို ချိုးဖောက်တာဟုတ်မဟုတ် စုံစမ်းစစ်ဆေးဖို့နဲ့ ဒီလုပ်ရပ်တွေအတွက် တာဝန်ယူ တာဝန်ခံကြအောင် ယူကေ၊ နော်ဝေနဲ့ ဆိုက်ပရပ်နိုင်ငံတို့က လုပ်ဆောင်ကြဖို့ ကျမတို့ တောင်းဆိုပါတယ်။

"အခုလွှဲပြောင်းမှုတွေက စင်္ကာပူနိုင်ငံကို အသုံးချပြီး ဆောင်ရွက်နေသေးတယ်ဆိုတဲ့ အချက်က မြန်မာစစ်တပ်နဲ့ သူတို့ရဲ့ မိတ်ဖက်တွေက စင်္ကာပူရဲ့ ငွေကြေးစနစ်ကို ဘယ်လိုအမြတ်ထုတ်နေကြတယ်ဆိုတာကို ပြသနေပါတယ်။ မြန်မာစစ်တပ်ကို ငွေကြေးနဲ့စစ်လက်နက်ထောက်ပံ့ဖို့ သူတို့ရဲ့ပိုင်နက်ကို အသုံးပြုနေတာကို အဆုံးသတ်ဖို့ စင်္ကာပူ အနေနဲ့ လက်တွေ့ကျကျ ထိရောက်တဲ့အရေးယူဆောင်ရွက်ချက်တွေ မဖြစ်မနေလုပ်ဆောင်ရမှာ ဖြစ်ပါတယ်။"

## ပိုမိုသိရှိရန်

ရွှေဖိုင်းဖြူ၏ စစ်တပ်နှင့် ဆက်နွယ်မှုများအပေါ် ကျွန်ုပ်တို့၏ စုံစမ်းထောက်လှမ်းသတင်းရေးသားမှုကို ယခုနေရာ တွင် ကြည့်ရှုပါ။

M1 Group အကြောင်းပိုမိုသိရှိရန် ကျွန်ုပ်တို့၏ စုံစမ်းထောက်လှမ်းသတင်းရေးသားမှုကို ယခုနေရာ တွင် ကြည့်ရှုပါ။

ကျွန်ုပ်တို့၏ သတင်းထုတ်ပြန်ချက် "မြန်မာဒဏ်ခတ်ပိတ်ဆို့မှုများအား ချိုးဖောက်ရန် M1 Group ကို Telenor အုပ်စုက အားပေးကူညီနေ" ကို ဖတ်ရှုပါ။

ကျွန်ုပ်တို့၏ သတင်းထုတ်ပြန်ချက် "ဂျာမန် တရားဝင် ကြားဖြတ် Gateway တပ်ဆင်ခြင်းနှင့် လွှဲပြောင်းပေးရန် လုပ်ဆောင်ခြင်းမှတဆင့် ဒဏ်ခတ်ပိတ်ဆို့မှုများအား Telenor Group ချိုးဖောက်နေ" ကို ဖတ်ရှုပါ။

Telenor Myanmarရောင်းချမှုကြောင့် ဖြစ်ပေါ်လာသော ဖြစ်နိုင်ဖွယ်နိုင်ငံတကာဥပဒေပြဿနာများအကြောင်း ဩစတြေးလျဝတ်လုံတော်ရရှေ့နေများ ဖြစ်ကြသည့် Doctor Felicity Gerry QC နှင့် Daye Gang တို့ ရေးသား ထားသည့် ဥပဒေရေးရာမှတ်စုကို ယခုနေရာ တွင် ဖတ်ရှုပါ။

Justice For Myanmar | media@justiceformyanmar.org

https://www.justiceformyanmar.org/ | Mirror:

https://justiceformyanmar.github.io/justiceformyanmar.org/

https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/